## သင်ခန်းစာပြင်ဆင်ရန်လျာထားချက်အကျဉ်းချုပ်

## ၂။ တို့မိသားစု

### ပထမပတ်

| စာသင်ချိန် | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ |
|---|---|---|---|---|---|
| ၉း၁၅-၁၀း၁၅ | - "ဝ"ဗျည်းကဗျာ ရွတ်ဆိုခြင်း<br>- ဆင်နှင့်မျောက်ပုံပြင်ကိုဆရာက ပြောပြခြင်း<br>(ပြောဆိုဆက်သွယ်) | - "ဝ"ဗျည်းကဗျာ ရွတ်ဆိုခြင်း<br>- ဘာတွေလဲ ကစားနည်း ကစားခြင်း<br>(ပြောဆိုဆက်သွယ်) | - "ဝ"ဗျည်းကဗျာ ရွတ်ဆိုခြင်း<br>- ဆင်နှင့်မျောက် ပုံပြင်ကိုဆရာက ပြောပြခြင်း<br>(ပြောဆိုဆက်သွယ်) | - "ဝ"ဗျည်းကဗျာ ရွတ်ဆိုခြင်း<br>- ဆင်နှင့်မျောက် ပုံပြင်ကိုပြောခြင်း<br>- နှစ်သက်ရာပုံ ရေးခြစ်ခြင်း<br>(ပြောဆိုဆက်သွယ်) | - ဆင်နှင့် မျောက်ပုံပြင်ကို ကလေးများမှတ်မိသမျှပြောခြင်း<br>- "က"ဗျည်း ကဗျာရွတ်ဆို ခြင်း<br>- ဘာတွေလဲ ကစားနည်း ကစားခြင်း<br>(ပြောဆိုဆက်သွယ်) |
| ၁၀း၄၅-၁၁း၁၅ | - A,B,C,D သီချင်းသီဆိုခြင်း<br>(ပြောဆိုဆက်သွယ်) | - A,B,C,D သီချင်းသီဆိုခြင်း<br>(ပြောဆိုဆက်သွယ်) | - "Hello"ကဗျာ ပါစကားလုံးများ ကိုသုံး၍အုပ်စုဖွဲ့ နှုတ်ဆက်ပြော ဆိုခြင်း<br>(ပြောဆိုဆက်သွယ်) | - "Good Morning "ကဗျာပါစကား လုံးများကိုသုံး၍ အုပ်စုဖွဲ့နှုတ် ဆက်ခြင်း<br>(ပြောဆိုဆက်သွယ်) | - A,B,C,D, Hello,Good Morning ကဗျာများကို ကလေးများ စိတ်ကြိုက် သီဆိုစေခြင်း<br>(ပြောဆိုဆက်သွယ်) |
| ၁၁း၁၅-၁၁း၄၅ | - ဘူးသီးကလေး ဝတုတ်တုတ် ကဗျာရွတ်ဆိုခြင်း<br>- မိမိမိသားစုဝင် များအကြောင်း ကိုအတန်းသို့ တင်ပြခြင်း<br>(စာရိတ္တ၊ မိတ္တ) | - ဖိုးကဲတို့မိသားစု ပုံပြင်ပြောခြင်း<br>(ပတ်ဝန်းကျင် လောက) | - ဘဲမိသားစုပုံပြင် ပြောခြင်း<br>- မိသားစုများ၏ ဟန်ပန်အမူ အရာကိုသရုပ် ဆောင်ပြခြင်း<br>(ပတ်ဝန်းကျင် လောက) | - နှစ်သက်ရာပုံ ရေးဆွဲခြင်း<br>- စားဝတ်နေရေး လိုအပ်ချက်များ ရရှိရန်အတွက် မိသားစုရှိရန် အရေးကြီးပုံကို ဖော်ထုတ်ခြင်း<br>(စာရိတ္တ၊ မိတ္တ) | - တို့လည်းလုပ် နိုင်တယ်သီချင်း သီဆိုခြင်း<br>- မိသားစုများ အားကူညီပေး နိုင်သောအလုပ် များကိုပြောစေ ခြင်း<br>(စာရိတ္တ၊ မိတ္တ) |

DBE BOX

| စာသင်ချိန် | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ |
|---|---|---|---|---|---|
| ၁၁း၄၅-၁၂း၁၅ | - အသီးအမည်များဖြင့် ကစားခြင်း (သင်္ချာ) | - ရောင်စုံစာရွက်ပိုင်းများကို ကြီးစဉ်ငယ်လိုက်စီခြင်း (သင်္ချာ) | - ဘောလုံးပုံဆွဲ၍ အရွယ်အစားများနှိုင်းယှဉ်ခြင်း (သင်္ချာ) | - မိသားစုဝင်များက မိမိတို့အားကူညီပြုလုပ်ပေးသည်များကိုပြောပြ၍ ကစားခြင်း<br>- မိသားစုဝင်များအတွက် မေတ္တာပို့ခြင်း (စာရိတ္တ၊ မိတ္တ) | - ထမင်းပွဲပြင်ဆင်ခြင်းကို ကိုယ်တိုင်ပါဝင်လုပ်ဆောင်ခြင်း (စာရိတ္တ၊မိတ္တ) |
| ၁၃း၃၀-၁၄း၀၀ | - မိသားစုဝင်များ စားလေ့ရှိသော အသီးပုံများ ရေးဆွဲခြင်း (အနုပညာရသ) | - မိသားစုဝင်များ၏မျက်နှာရုပ်ပုံများကိုပုံဆွဲခြင်း (အနုပညာရသ) | - အရွယ်အစားမတူသောရုပ်ပုံများဆွဲခြင်း (အနုပညာရသ) | - တောထဲကမိသားစုကဗျာကိုလက်ခုပ်တီး၍သီဆိုခြင်း (အနုပညာရသ) | - တောထဲက မိသားစုကဗျာကို လက်ခုပ်တီး၍ သီဆိုခြင်း (အနုပညာရသ) |

DBE BOX

# သင်ခန်းစာပြင်ဆင်ရန်လျာထားချက်အကျဉ်းချုပ်

## ၂။ တို့မိသားစု

### ဒုတိယပတ်

| စာသင်ချိန် | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ |
|---|---|---|---|---|---|
| ၉း၁၅-၁၀း၁၅ | - “က”ဗျည်းကဗျာ ရွတ်ဆိုခြင်း<br>- ဆင်နှင့်မျောက် ပုံပြင်ကို ကလေး မှတ်မိသမျှ ပြောခြင်း<br>(ပြောဆိုဆက်သွယ်) | - ပုံပြင်မှကလေး များနှစ်သက် သည့်တိရစ္ဆာန် တစ်ကောင်ပုံ ရေးဆွဲခြင်း<br>- “သိသမျှပြော မယ်” ကစားနည်း ကစားခြင်း<br>(ပြောဆို ဆက်သွယ်) | - ဆင်နှင့်မျောက် ပုံပြင်ကိုမှတ်မိ သ၍ပြောခြင်း<br>- ပုံပြင်ပါနှစ်သက် ရာပုံကိုရေးဆွဲ ခြင်း<br>(ပြောဆိုဆက်သွယ်) | - ပုံပြင်ပါတိရစ္ဆာန် များ၏ အော်သံ ပြောစေခြင်း<br>- နှစ်သက်ရာ တိရစ္ဆာန်ပုံများ ကို လွတ်လပ်စွာ ရေးဆွဲခြင်း<br>(ပြောဆိုဆက်သွယ်) | - ဘာတွေလဲ ကစားနည်း ကစားခြင်း<br>- “က”ဗျည်း ကဗျာနှင့် ကျောင်းခန်းဝင် ကဗျာရွတ်ဆို ခြင်း<br>- “သိသမျှပြော မယ်”ကစားနည်း ကစားခြင်း<br>(ပြောဆိုဆက်သွယ်) |
| ၁၀း၄၅-၁၁း၁၅ | - "A,B,C,D" သီချင်းကိုစာလုံး အစဉ်လိုက်ပြ၍ သီဆိုခြင်း<br>- "A"အက္ခရာကို ရွတ်ဆိုခြင်း<br>(ပြောဆိုဆက်သွယ်) | - "Hello"ကဗျာ ရွတ်ဆိုခြင်း<br>- "A" အက္ခရာကိုရွတ် ဆိုခြင်း<br>(ပြောဆို ဆက်သွယ်) | - "B"အက္ခရာကို ရွတ်ဆိုခြင်း<br>- "Good Morning"က ဗျာကို ရွတ်ဆိုခြင်း<br>(ပြောဆိုဆက်သွယ်) | - "Hello"ကဗျာ ပါစကားလုံး များကိုသုံး၍ နှစ်ဦးတွဲ၍ နှုတ်ဆက် ပြောဆိုခြင်း<br>(ပြောဆိုဆက်သွယ်) | - "Good Morning" ကဗျာပါ စကား လုံးများကို သုံး၍နှစ်ဦးစီ တွဲ၍နှုတ်ဆက် ပြောဆိုခြင်း<br>- "A,B"ရွတ်ဆို ခြင်း<br>(ပြောဆိုဆက်သွယ်) |
| ၁၁း၁၅-၁၁း၄၅ | - မိသားစုလှုပ်ရှား မှုများကိုပြော ခြင်း<br>(စာရိတ္တ၊ မိတ္တ) | - “မွေးနေ့သီချင်း” သီဆိုခြင်း<br>(စာရိတ္တ၊ မိတ္တ) | - ဖိုးကြက်တော ကဗျာရွတ်ဆို ခြင်း<br>- မိမိတို့မိသားစု ဝင်များဆိုဆုံးမ မှုများကို ဖော်ထုတ်ခြင်း<br>(စာရိတ္တ၊ မိတ္တ) | - ဖိုးကြက်တော ကဗျာရွတ်ဆို ခြင်း<br>- မိသားစုဝင်များ ၏နေ့စဉ်လုပ် ဆောင်မှုများကို ပြောစေခြင်း<br>(စာရိတ္တ၊ မိတ္တ) | - ခံစားမှုမျက်နှာ ရုပ်ပုံများကို ခွဲခြားခြင်း<br>- မျက်နှာပုံဆွဲ၍ မိမိတို့အတွေ့ အကြုံခံစားချက် ကိုပြောခြင်း<br>(စာရိတ္တ၊ မိတ္တ) |

DBE BOX

| စာသင်ချိန် | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ |
|---|---|---|---|---|---|
| ၁၁း၄၅-၁၂း၁၅ | - ရောင်စုံစာရွက်ပိုင်းများကိုငယ်ရာမှကြီးရာသို့စီခြင်း (သင်္ချာ) | - မိသားစုချင်းမတူညီမှုများကိုပြောစေခြင်း (စာရိတ္တ၊ မိတ္တ) | - အဝိုင်းပုံမုန့်အမျိုးမျိုးကိုပုံဆွဲခြင်း (သင်္ချာ) | - ထမင်းပွဲပြင်ဆင်ခြင်းကိုကိုယ်တိုင်ပါဝင်လုပ်ဆောင်တတ်ရန် (စာရိတ္တ၊ မိတ္တ) | - မျက်နှာပုံများဆွဲခြင်း၊ ကစားခြင်း (သင်္ချာ) |
| ၁၃း၃၀-၁၄း၀၀ | - "အလှူပွဲ"ကဗျာရွတ်ဆိုခြင်း (အနုပညာရသ) | - မွေးနေ့လက်ဆောင်ရုပ်ပုံများဆွဲခြင်း (အနုပညာရသ) | - စိတ်ကြိုက်ပုံဆွဲခြင်း (အနုပညာရသ) | - ရုပ်ပုံများဖြတ်၊ ညှပ်၊ ကပ်ခြင်း (အနုပညာရသ) | - သီချင်းကဗျာများကိုစည်းချက်နှင့်အညီသီဆိုလှုပ်ရှားခြင်း (အနုပညာရသ) |

DBE BOX

## တို့မိသားစု

**ပထမပတ်**

**တနင်္လာနေ့**

အသေးစိတ်သင်ယူမှုရလဒ်။ ။"ဝ" ဗျည်းကို အသံထွက်၍ ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ် ။ ။ **"ဝ"ဗျည်း(ကဗျာ)ရွတ်ဆိုခြင်း (မိနစ်၃၀)**

- "ဝ"ကတ်ပြားကိုကလေးများအားပြ၍"ဝ"ဟုခေါ်ကြောင်းဦးစွာပြောပါ။
- "ဝ"ဗျည်းကဗျာကို "ဝ"အသံကို အလေးပေး၍ ပီသမှန်ကန်စွာ နမူနာ(၂)ခေါက် (သို့) (၃)ခေါက်ရွတ်ဆိုပြပါ။
- ကလေးများကိုယ်တိုင်အမူအရာဖြင့် ရွတ်ဆိုတတ်သည်အထိ ဆောင်ရွက်ပါ။
- မိသားစုအတွင်း ဝသူများရှိမရှိပြောပါစေ။
- "ဝ"ဗျည်းပေါ်လွင်စေသော ကဗျာစာသား၊စကားလုံးကိုအကြိမ်ကြိမ်ရွတ်ဆိုပြပါ။
  (ဥပမာ-ဖိုးဝလုံး ဝလုံး)

အသေးစိတ်သင်ယူမှုရလဒ်။ ။ပုံပြင်ကို နားထောင်တတ်ရန်။

လုပ်ငန်းစဉ် ။ ။ **ဆင်နှင့်မျောက်ပုံပြင်ကို ဆရာကပြောပြခြင်း (မိနစ်၃၀)**

- ဆရာက ပုံပြင်ပါအကြောင်းအရာကိုအလွတ်ရသည်အထိ ဖတ်ထားပါ။
- ကလေးများအား ပစောက်ပုံပိုင်း၍ထိုင်ပါစေ။
- ဆရာသည်ကလေးများ၏မျက်လုံးနှင့် တစ်တန်းတည်းဖြစ်အောင်နေရာယူပါ။
- ဆရာက ကလေးများအား တိရစ္ဆာန်လေးများပါသော ပုံပြင်နားထောင်ချင် သလား။
- ဘယ်လိုတိရစ္ဆာန်လေးကို ကြိုက်သလဲ. . . စသည်ဖြင့် မေးပါ။
- ကလေးများပြောသောတိရစ္ဆာန်များတွင်ဆင်နှင့်မျောက်ပါပါက ဆရာက"ဒီနေ့တော့ ဆင်နှင့်မျောက်ပုံပြင်"ကို ပြောမည်ဟုပြော၍ ပုံပြင်ကိုပြောပါ။
  (ဆင်နှင့်မျောက် မပါပါက ကလေးများပြောသော တိရစ္ဆာန်များအကြောင်း နောက်နေ့မှ ပြောမည်ဟု ပြောပါ။)

အသေးစိတ်သင်ယူမှုရလဒ်။ သီချင်းကဗျာကို မှန်ကန်စွာရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ် ။ ။ A,B,C,D,.... **သီချင်းသီဆိုခြင်း (မိနစ် ၃၀)**

A,B,C,D,
A,B,C,D,E,F,G
H,I,J,K,L,M,N,O,P
Q,R,S,T,U and V
W,X, Y and Z

- မိမိအကြောင်း ပထမပတ် (တနင်္လာနေ့)မှ 'Hello'ကဗျာရွတ်ဆိုနည်းအတိုင်း ရွတ်ဆို ပါစေ။

DBE BOX

အသေးစိတ်သင်ယူမှုရလဒ်။ ။မိမိ မိသားစုအကြောင်းအများရှေ့တွင်ပြောပြတတ်ရန်။

လုပ်ငန်းစဉ်(၁) ။ ။ **ဘူးသီးကလေးဝတုတ်တုတ်ကဗျာရွတ်ဆိုခြင်း (၅ မိနစ်)**

"ဘူးသီးကလေးဝတုတ်တုတ်"

ဘူးသီးကလေးဝတုတ်တုတ် ညီညီဖိုးဝရုပ်
ခေါင်းစုတ်ဖွားနဲ့စောင်မြဲ့တယ် ပြောင်းဖူးကိုကိုရယ်
လှချင်လွန်းလို့ကြက်တောင်စည်း မီးမီးနာနတ်သီး
ပိန်ပိန်သေးသေးအရပ်ရှည် ဖေဖေ ပဲလင်းမြွေ
မေတ္တာထားလို့ ကရုဏာကြီး မေမေ ဖရဲသီး။

လုပ်ငန်းစဉ်(၂) ။ ။ **မိမိ မိသားစုဝင်များအကြောင်းအတန်းသို့တင်ပြခြင်း (၂၅ မိနစ်)**

- ဆရာက ဦးစွာ မိမိ မိသားစုဝင်များအကြောင်းကို နမူနာပြောပြပါ။
  (ဥပမာ-ဆရာမတို့အိမ်မှာ မိသားစု(၄)ယောက်ရှိတယ်၊ ဖေဖေရယ်၊ မေမေရယ်၊ ဆရာမနဲ့ ဆရာမရဲ့မောင်လေးရယ်ပေါ့၊ ဆရာမဖေဖေက လယ်သမားကြီးပေါ့၊ ဆရာမရဲ့ မောင်လေးကတော့ ကျောင်းတက်နေတယ်)
- ကလေးတစ်ဦးစီကို အတန်းရှေ့သို့ထွက်စေပြီး မိမိ မိသားစုဝင်များအကြောင်းကို သိသလောက် အလှည့်ကျပြောပါစေ။
- ဆရာက မိမိနှင့်အတူနေသူများသည် မိသားစုဝင်များဖြစ်ကြောင်းပြော၍ နောက်နေ့များ တွင်လည်း မိသားစုအကြောင်း ဆက်လက်ပြောကြမည်ဖြစ်ကြောင်းပြောပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။အကြီးအသေးနှိုင်းယှဉ်ခွဲခြားတတ်ရန်။

လုပ်ငန်းစဉ် ။ ။ **အသီးအမည်များဖြင့်ကစားခြင်း (မိနစ်၃၀)**

- ကလေးများအားဘူးသီး၊ ပြောင်းဖူး၊ နာနတ်သီး၊ ပဲလင်းမြွေသီး၊ ဖရဲသီးစသည်ဖြင့် သတ်မှတ်ပေးပါ။ ဆရာက ဘူးသီးဟုအော်ပါက ဘူးသီးအမည်ရထားသော ကလေး များအားလုံး မတ်တပ်ရပ်ပါစေ။ ချက်ချင်းပြန်ထိုင်ပါစေ။ ဆက်လက်၍ ကျန်အသီး အမည်များကို အော်ပေးခြင်းဖြင့် ကလေးများကို ထိုင်ထ ကစားပါစေ။ တစ်ခါတစ်ရံတွင် အသီးအမည် နှစ်မျိုး၊ သို့မဟုတ် နှစ်မျိုးထက် ပို၍ အော်ပေးနိုင်သည်။
- ဘူးသီးကလေးဝတုတ်တုတ်ကဗျာပါ အသီးများကို အကြီးအသေးနှိုင်းယှဉ်ပြောပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။မြင်ဖူးသောအသီးပုံများကိုဆွဲတတ်ရန်။

လုပ်ငန်းစဉ် ။ ။ **မိသားစုဝင်များစားလေ့ရှိသောအသီးပုံများကိုဆွဲခြင်း(မိနစ်၃၀)**

- ဘူးသီးကလေးကဗျာပါ အသီးများအပါအဝင် မိသားစုဝင်များ စားလေ့ရှိသော အသီးရုပ်ပုံများကို စိတ်ကြိုက်ဆွဲပါစေ။
  (ပုံမဆွဲခင် အသီးအမည်များကို ဦးစွာမေးနိုင်သည်။)
- ဆွဲပြီးသောပုံများကို ရုပ်ပုံများကပ်ရန် နေရာတွင်ကပ်ပါစေ။

**အင်္ဂါနေ့**

အသေးစိတ်သင်ယူမှုရလဒ်။ ။"ဝ" ဗျည်းကို အသံထွက်၍ ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ် ။ ။ **"ဝ"ဗျည်း(ကဗျာ)ရွတ်ဆိုခြင်း (မိနစ် ၃၀)**

- ယခင်သင်ကြားခဲ့ပြီးသော ဗျည်းကဗျာရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ် ။ ။ အာရုံ(၅)ပါးကို အသုံးပြု၍ မိမိစိတ်ကူးကို ဝါကျအပြည့်ဖြင့် ပြောပြတတ်ရန်။

လုပ်ငန်းစဉ် ။ ။ **ဘာတွေလဲ ကစားနည်း ကစားခြင်း(မိနစ် ၁၀)**

- ယခင်ကစားခဲ့ပြီးသောကစားနည်းအတိုင်းဆောင်ရွက်ပါ။

**အသေးစိတ်သင်ယူမှုရလဒ် ။ ။ သီချင်းကဗျာကို မှန်ကန်စွာရွတ်ဆိုတတ်ရန်။**

လုပ်ငန်းစဉ် ။ ။ A,B,C,D,….**သီချင်းသီဆိုခြင်း (မိနစ် ၁၀)**

- တနင်္လာနေ့အတိုင်း သီဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ပုံပြင်ကိုနားထောင်၍ ပုံပြင်ပါမိသားစုအကြောင်း ပြောပြတတ်ရန်။

လုပ်ငန်းစဉ် ။ ။ **ဖိုးကဲတို့မိသားစုပုံပြင်ပြောခြင်း (မိနစ်၁၀)**

- ဖိုးကဲတို့မိသားစုပုံပြင်ကိုပြောပြပါ။
- ပုံပြောပြီးပါက အောက်ပါမေးခွန်းများကိုမေးပါ။
  (၁) ဖိုးကဲတို့မိသားစု နေ့တိုင်းလုပ်ရတဲ့အလုပ်တွေက ဘာတွေလဲ။
  (၂) ဖိုးကဲ မေမေက ဖိုးကဲကိုဘာလုပ်ဖို့တာဝန်ပေးသလဲ။
  (၃) မေမေပေးတဲ့တာဝန်ကို ဖိုးကဲလုပ်နိုင်သလား။
  (၄) အားလုံးက ညီမလေးအတွက် ဘာလို့စိတ်ပူကြတာလဲ။
- ပုံပြင်ကဲ့သို့မိမိတို့တွင် မိသားစုရှိ၊ မရှိမေး၍ မိမိ မိသားစုအကြောင်းကို ပြောပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ကြီးရာမှ ငယ်ရာသို့ အစီအစဉ်အလိုက် စီတတ်ရန်။

လုပ်ငန်းစဉ် ။ ။ **ရောင်စုံစာရွက်ပိုင်းများကိုကြီးစဉ်ငယ်လိုက်စီခြင်း (မိနစ်၁၀)**

- ရောင်စုံစက္ကူကို အရွယ်အစားမတူသော လေးထောင့်ပုံ(သို့) အဝိုင်းပုံ(၃)ခု ဖြတ်ထားပါ။
- ဖြတ်ထားသော ပုံ(၃)ခုကိုပြသ၍ သင်ပုန်းတွင် ကြီးစဉ်၊ ငယ်လိုက် မည်သို့ကပ်ရမည်ကို မေး၍ ကပ်ပြပါ။
- ကလေးများအား တစ်ဦးလျှင် ဖြတ်ထားသော အရွယ်မတူသည့် ရောင်စုံစက္ကူ(၃)ခုစီ ပေး၍ သင်ပုန်းတွင် ကပ်ထားသည့်အတိုင်း မိမိတို့ စာအုပ်တွင် ကပ်ပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။မိသားစုဝင်များ၏ မျက်နှာပုံများ ဆွဲတတ်ရန်။

လုပ်ငန်းစဉ် ။ ။ **မိသားစုဝင်များ၏ မျက်နှာရုပ်ပုံများကိုပုံဆွဲခြင်း (မိနစ်၁၀)**

- ဆရာကအရွယ်တူသော စာရွက်ပိုင်းများ ဖြတ်ထားပါ။ သင်ပုန်းတွင် အဝိုင်းပုံကို အခြေခံသောလွယ်ကူသည့်မျက်နှာရုပ်ပုံအမျိုးမျိုးကိုဆွဲပြပါ။
- ကလေးများအား မိသားစုဝင်ဦးရေအရ စာရွက်ပိုင်းများ ဝေပေးပါ။
- စာရွက်ပိုင်းတစ်ခုစီတွင် မိမိတို့မိသားစုဝင် တစ်ဦးစီ၏ မျက်နှာပုံကိုဆွဲတတ်သလို ဆွဲရန်ပြောပါ။ မည်သူ့ပုံဆွဲသည်ကို မှတ်ထားပါစေ။

  မှတ်ချက်။ ။မနက်ဖြန်အတွက် မိသားစုဝင်များ၏ ဟန်အမူအရာများကို သရုပ်ဆောင်ပြရမည်ဖြစ်၍ လေ့လာခဲ့ရန် မှာကြားပါ။

  (ဥပမာ-အမေက သီချင်းဆို၊ အဘွားက ဘုရားကန်တော့. . . စသည်ဖြင့်)

DBE BOX

ဗုဒ္ဓဟူးနေ့

**အသေးစိတ်သင်ယူမှုရလဒ်။ ။"ဝ"ဗျည်းကို အသံထွက်ရွတ်ဆိုတတ်ရန်။**

လုပ်ငန်းစဉ် ။ ။ **"ဝ"ဗျည်း(ကဗျာ)ရွတ်ဆိုခြင်း (မိနစ် ၃၀)**

- ယခင်သင်ကြားခဲ့ပြီးသော ဗျည်းကဗျာရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။

**အသေးစိတ်သင်ယူမှုရလဒ်။ ။ပုံပြင်ကို နားထောင်တတ်ရန်။**

လုပ်ငန်းစဉ် ။ ။ **ဆင်နှင့်မျောက်ပုံပြင်ကို ဆရာကပြောပြခြင်း (မိနစ် ၃၀)**

- ပုံပြောနည်းအတိုင်းပြောပါ။

**အသေးစိတ်သင်ယူမှုရလဒ်။ ။ကဗျာပါစကားလုံးများကို အသုံးပြု၍ပြောတတ်ရန်။**

လုပ်ငန်းစဉ်။ ။Hello **ကဗျာပါစကားလုံးများကိုသုံး၍အုပ်စုဖွဲ့ နှုတ်ဆက်ပြောဆိုခြင်း (မိနစ်၃၀)**

- ရှေ့တွင်ပြုလုပ်ခဲ့သော လုပ်ငန်းအတိုင်း ဆောင်ရွက်ပါ။

**အသေးစိတ်သင်ယူမှုရလဒ်။ ။မိသားစုများ၏လှုပ်ရှားမှုများကို ဟန်အမူအရာဖြင့် လုပ်ပြတတ်ရန်။**

လုပ်ငန်းစဉ် ။ ။ **၁။ဘဲမိသားစု ပုံပြောခြင်း (၁၀ မိနစ်)**

- ဘဲမိသားစုပါဝင်သောပုံပြင်ကိုဆရာ၏စိတ်ကူးဖြင့်ဖန်တီး၍ပြောပြပါ။(ဥပမာ-တစ်ခါတုန်းကဘဲအမေကြီးရှိတယ်။သူ့မှာဘဲကလေး(၅)ကောင်ရှိတယ်။ ဘဲအမေကြီးက ဂတ်ဂတ်ဂတ်လို့ အကျယ်ကြီးအော်တယ်၊ ဘဲကလေးတွေကတော့ ဂစ်ဂစ်ဂစ်လို့အော်တယ်။ လမ်းလျှောက်တော့လည်း ဘဲအမေကြီးက သူ့အမြီးလေးကို ဟိုဘက် ယမ်းလိုက်၊ ဒီဘက်ယမ်းလိုက်နဲ့သွားတယ်၊ ဘဲကလေးတွေကလည်း သူတို့အမေအတိုင်း အမြီးလေးကို ယမ်းပြီးသွားသတဲ့၊ ဘဲအမေကြီးကအစာစားတဲ့အခါ နှုတ်သီးနဲ့ဇတ်ဇတ်ဇတ်ဆိုပြီး တီကောင်တွေကောက်စားတယ်။ ဘဲလေးတွေကလည်း အဲဒီအတိုင်းပဲ လိုက်စားသတဲ့။)
- ပုံပြင်ပါဘဲ မိသားစု၏လှုပ်ရှားပုံကို သရုပ်ဆောင်ပြပါစေ။

**၂။မိသားစုများ၏ဟန်အမူအရာကိုသရုပ်ဆောင်ပြခြင်း (မိနစ် ၂၀)**

- လေ့လာခဲ့သောမိသားစုဝင်တစ်ဦးချင်းစီ၏ ဟန်အမူအရာများကို တစ်ဦးစီအလှည့်ကျထွက်၍ သရုပ်ဆောင်ပြပါစေ။

**အသေးစိတ်သင်ယူမှုရလဒ်။ ။အရွယ်အစားအကြီး၊ အသေးကိုနှိုင်းယှဉ်တတ်ရန်။**

လုပ်ငန်းစဉ် ။ ။**ဘောလုံးပုံဆွဲ၍အရွယ်အစားများကိုနှိုင်းယှဉ်ခြင်း (မိနစ်၃၀)**

- ဆရာက သင်ပုန်းတွင် ဟောဒါက ဖေဖေပေါ့ဟုပြော၍ ဘောလုံးအကြီးပုံ ဆွဲပါ။ ဟောဒါကတော့ ညီမလေးပေါ့ဟုပြော၍ ဘောလုံးအသေးပုံဆွဲပြပါ။ ကလေးများကိုကြိုက်ရာ တစ်ပုံစီကိုသာ ကူးဆွဲရန်ပြောပါ။
- ထို့နောက် ကလေးများအား မိမိဘေးရှိ သူငယ်ချင်းဆွဲထားသော ဘောလုံးပုံနှင့်နှိုင်းယှဉ်ကြည့်၍ အကြီး၊ အသေးခွဲခြားပါစေ။
- ကလေးတစ်ဦးအား အတန်းရှေ့သို့ ထွက်စေပြီး ဆွဲထားသော ဘောလုံးကို အတန်းသို့ပြစေ၍ အကြီး၊ အသေးပြောပါစေ။ အရွယ်အစားတူဆွဲထားသော ကလေးများအားမိမိတို့ရုပ်ပုံကို အတန်းသို့ ပြပါစေ။
- ထိုနည်းက အခြားကလေးများကိုလည်း ဆောင်ရွက်ပါစေ။

DBE BOX

အသေးစိတ်သင်ယူမှုရလဒ်။ ။အရွယ်အစားမတူသောရုပ်ပုံများဆွဲတတ်ရန်။

လုပ်ငန်းစဉ်(၁)။ ။ **အရွယ်အစားမတူသောရုပ်ပုံများဆွဲခြင်း (မိနစ်၃၀)**

- နှစ်သက်ရာတိရစ္ဆာန်၊ သို့မဟုတ် ပစ္စည်းတစ်မျိုးကို အကြီး၊ အသေး အရွယ်အစား မတူသော ရုပ်ပုံနှစ်ခုအဖြစ် ဆွဲပါစေ။

(မှတ်ချက်။ ။အမျိုးအစားတူစေရန် ဆရာက သတိပြုပါ။ ဥပမာ - ဘဲအမေကြီးနှင့် ဘဲကလေး၊ ငါးအမေကြီးနှင့် ငါးကလေး၊ စာအုပ်ကြီးနှင့် စာအုပ်ကလေး စသည်ဖြင့်)

**ကြာသပတေးနေ့**

အသေးစိတ်သင်ယူမှုရလဒ်။ ။"ဝ"ဗျည်းကိုအသံထွက်ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ် ။ ။ "ဝ"ဗျည်း(ကဗျာ)ရွတ်ဆိုခြင်း (၁၅ မိနစ်)

- ယခင်သင်ကြားခဲ့ပြီးသော ဗျည်းကဗျာရွတ်ဆိုနည်းအတိုင်းရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ပုံပြင်ကို နားထောင်တတ်ရန်။

လုပ်ငန်းစဉ် ။ ။ **ဆင်နှင့်မျောက်ပုံပြင်ကို ပြောခြင်း (မိနစ် ၃၀)**

- ဆင်နှင့်မျောက်ပုံပြင်ကို ဟန်ပန်အမူအရာဖြင့် ပြန်ပြောပြပါ။
- ပုံပြင်နှင့်ပတ်သက်သော မေးခွန်းများမေးပါ။ (ဥပမာ - ပုံပြင်က ဘာအကြောင်းလဲ။ ဘယ်သူတွေပါလဲ။ ဘာတွေလုပ်ကြတာလဲ။. . . စသည်ဖြင့်)
- ကလေးများ မှတ်မိသမျှပြောပါစေ။
- ကလေးများထင်မြင်ချက်ပြောပြီးတိုင်း ဆရာက ချီးကျူးပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။မိမိစိတ်ကူးကို ပုံဖော်ရေးခြစ်တတ်ရန်။

လုပ်ငန်းစဉ်။ **။နှစ်သက်ရာပုံကိုရေးခြစ်ခြင်း (၁၅ မိနစ်)**

- ကလေးများအား မိမိကြိုက်နှစ်သက်ရာပုံကိုဆွဲပါစေ။
- စိတ်ကြိုက်အရောင်ခြယ်ပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ ကဗျာပါစကားလုံးများကို အသုံးပြု၍ပြောတတ်ရန်။

လုပ်ငန်းစဉ်။ ။Good Morning **ကဗျာပါစကားလုံးများ အသုံးပြု၍ အုပ်စုဖွဲ့နှုတ်ဆက်ပြောဆိုခြင်း (၁၅ မိနစ်)**

- ရှေ့တွင် ပြုလုပ်ခဲ့သည့် လုပ်ငန်းအတိုင်း ဆောင်ရွက်ပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။မိသားစုရှိရန် လိုအပ်ကြောင်း ပြောပြတတ်ရန်။

လုပ်ငန်းစဉ်(၁)။ ။ **စားဝတ်နေရေးလိုအပ်ချက်များရရှိရန်အတွက်မိသားစုရှိရန် လိုအပ်ကြောင်း ဖော်ထုတ်ခြင်း (မိနစ်၃၀)**

- ဆရာက လူတို့၏ အခြေခံလိုအပ်ချက်များဖြစ်သည့် အဝတ်အထည်၊ အစားအစာ၊ ချစ်ခင်ယုယပုံ စသည်တို့ကို စာစောင်၊ ဂျာနယ်များမှဖြတ်၍ သင်ပုန်းတွင် ကပ်ထားပါ။
- အစားအစာရုပ်ပုံတစ်ခုကို ထောက်ပြကာ အကယ်၍ အစားအစာ မစားရပါက မည်သို့ဖြစ်နိုင်သည်ကို မေးပါ။
- ကလေးများအား မိမိတို့အတွက် လိုအပ်သော အစားအစာများရရှိအောင် မည်သူများက ဆောင်ရွက်ပေးသည်ကို ဆက်မေးပါ။ အစားအစာရရှိအောင် ဆောင်ရွက်ပေး

သူများကို ကျေးဇူးတင်သင့်/မတင်သင့်မေး၍ ကျေးဇူးတင်ပါတယ် ဖေဖေ၊ မေမေဟု ပြောပါစေ။

- ထိုနည်းတူ အဝတ်အထည်မရှိလျှင်၊ချစ်ခင်ယုယမှုမရှိလျှင်. . . . စသည်ဖြင့် ဆက်မေး၍ ဆွေးနွေးပါ။

လုပ်ငန်းစဉ်(၂)။ ။ **ကစားခြင်း (၁၀ မိနစ်)**

- မိသားစုဝင်များက မိမိတို့အား မည်သို့ကူညီဆောင်ရွက်ပေးသည်ကို ကလေးတစ်ဦးအား စတင်ပြောပါစေ။ ကျန်ကလေးများအား ထိုကလေးပြောသည်နှင့်တူညီပါက လက်ညှိုး ထောင်ရန် ပြောပါ။
- ထို့နောက်ဆရာခေါ်ပေးသော အောက်ပါနမူနာ စကားစုများကို နားထောင်စေပြီး တူညီသူများကို မတ်တပ်ရပ်ပါစေ။

(ဥပမာ။ ။ မိသားစုဝင်တွေက ကလေးတို့ကို -
ရေချိုးပေးတယ်
ထမင်းချက်ပေးတယ်
ဟင်းချက်စရာတွေသွားဝယ်ပေးတယ်
ပုံပြောပြတယ်
လက်သည်းညှပ်ပေးတယ်
အင်္ကျီလျှော်ပေးတယ်. . . . . စသည်ဖြင့်)

လုပ်ငန်းစဉ်(၃) ။ ။ **မိသားစုဝင်များအတွက် မေတ္တာပို့ဆုတောင်းခြင်း** (မိနစ် ၂၀)

- ဆရာကဆုတောင်းစကားတစ်ခုကို နမူနာပြောပြ၍ကြားဖူးသမျှ ဆုတောင်း စကား များကို ပြောပါစေ။
- အိမ်တွင်မွေးထားသောခွေး၊ ကြောင်လေးများအပါအဝင် မိမိချစ်သောမိသားစုဝင်များအတွက် ဆုတောင်းပေး၍ရကြောင်းနှင့် မည်သူ့ကို မည်သို့ဆုတောင်းပေးချင်သည်ကို စဉ်းစား ထားရန် ပြောပါ။ ဆုတောင်းပေးချင်သော မိသားစုဝင်တစ်ဦးကို စိတ်တွင်မှန်း၍ မျက်စိ မှိတ်ထားပါစေ။ ဆုတောင်းပေးချင်သော အရာကိုစိတ်ထဲက ဆုတောင်းပေးရန် ပြောပါ။ (လိုအပ်လျှင် နမူနာလုပ်ပြပါ။)
- မည်သူ့အတွက် မည်သို့ဆုတောင်းပေးခဲ့သည်ကို ပြန်ပြောပါစေ။
- ဆရာက မိမိတို့ချစ်သောသူများအတွက် ဖြစ်စေလိုသောအရာများကို စိတ်တွင်မှန်းဆ၍ ဆုတောင်းပေးခြင်းကို မေတ္တာပို့သည်ဟုခေါ်ကြောင်းပြောပြပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။စည်းချက်ကျကျ လက်ခုပ်တီး၍အများနှင့် စုပေါင်းသီဆိုတတ်ရန်။

လုပ်ငန်းစဉ်(၁) ။ ။ **တောထဲက မိသားစုကဗျာကိုလက်ခုပ်တီး၍သီဆိုခြင်း (မိနစ်၃၀)**

**"တောထဲက မိသားစု"**

မဆိုစကောင်း၊ ဆိုစကောင်း
သိုးကလေးနဲ့ကိုရွှေဒေါင်း၊ လမ်းကြိတ်စက်ကိုမောင်း။
ဆိုကောင်းပါရဲ့ ပူးနဲ့ယုန်၊ ချမ်း၍မီးကိုလှုံ၊
ဟိုချုံပေါ်က ဝက်ဝံထီး၊ မိကျောင်းကြီးကိုစီး။
စာဝတီးက တေးသံချို၊ အသံလွင့်သီဆို၊
မလေးခိုနဲ့ ကိုရွှေဖား၊ ကခုန်တမ်းကစား။

- ကဗျာကိုဦးစွာသင်ပါ။
- စည်းချက်နှင့်အညီ လက်ခုပ်တီး၍ဆိုတတ်ရန် ဆရာက နမူနာလုပ်ပြပါ။



DBE BOX

- ကလေးများအားနမူနာသီဆိုကြည့်ပါစေ။
- ထို့နောက် တစ်တန်းလုံးအုပ်စုလိုက်စသည်ဖြင့် လက်ခုပ်တီး၍ သံပြိုင်သီဆိုပါစေ။

**သောကြာနေ့**

အသေးစိတ်သင်ယူမှုရလဒ်။ ။ပုံပြင်ကို မှတ်မိသမျှပြန်ပြောတတ်ရန်။

လုပ်ငန်းစဉ် ။ ။ **"ဆင်နှင့်မျောက်"ပုံပြင်ကို ကလေးများ မှတ်မိသမျှပြောခြင်း (မိနစ် ၂၀)**

- **ဆရာက ကလေးများအား ပစောက်ပုံဝိုင်း၍ထိုင်ပါစေ။**
- **ကလေးများ၏ထိပ်တွင် ကလေးများမျက်လုံးနှင့် တစ်တန်းတည်းဖြစ် အောင်ထိုင်ပါ။**
- **ဆရာက ဆင်နှင့်မျောက်ပုံပြင်ကို အမူအရာဖြင့် နောက်တစ်ကြိမ်ထပ် ပြောပါ။**
- ပုံပြင်ပြောနေစဉ် ကလေးများတဖြည်းဖြည်းချင်း လိုက်ပြောနိုင်သည့်နေရာတွင်ပြောပါစေ။
- (ဥပမာ- ဘာဆက်ဖြစ်မယ်ထင်သလဲ။)

အသေးစိတ်သင်ယူမှုရလဒ်။ ။"က"ဗျည်းကိုအသံထွက်ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ် ။ ။ **"က"ဗျည်းကဗျာရွတ်ဆိုခြင်း (မိနစ် ၂၀)**

- ယခင်သင်ကြားခဲ့ပြီးသော ဗျည်းကဗျာရွတ်ဆိုနည်းအတိုင်းရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ် ။ ။ အာရုံ(၅)ပါးကို အသုံးပြု၍ မိမိစိတ်ကူးကို ဝါကျအပြည့်ဖြင့် ပြောပြတတ်ရန်။

လုပ်ငန်းစဉ် ။ ။ **ဘာတွေလဲ ကစားနည်းဖြင့် ကစားခြင်း(မိနစ် ၂၀)**

- ယခင်ပြုလုပ်ခဲ့ပြီးသော နည်းလမ်းအတိုင်းဆောင်ရွက်ပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ သီချင်းကဗျာကို အမူအရာဖြင့် ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။ "ABCD, Hello, Good Morning''**ကဗျာများကို ကလေးများစိတ်ကြိုက် သီဆိုခြင်း(မိနစ် ၃၀)**

- **ကဗျာရွတ်ဆိုခြင်းနည်းအတိုင်း သီဆိုပါစေ။**

အသေးစိတ်သင်ယူမှုရလဒ်။ ။မိသားစုဝင်များအားကိုယ်တိုင်ကူညီပေးနိုင်သောအလုပ်များကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်(၁) ။ ။ **တို့လည်းလုပ်နိုင်တယ်သီချင်းဆိုခြင်း (၁၀ မိနစ်)**

**"တို့လည်းလုပ်နိုင်တယ်"**

တို့များငယ်သော်လည်း အလုပ်လုပ်တတ်တယ်
ဘယ်အလုပ်မဆို တို့များလုပ်တတ်တယ်
(ရေခပ်ပေး)^၂ တတ်တယ်
(ဟင်းရွက်ခြွေ)^၂ တတ်တယ်
(တံမြက်စည်းလှည်း)^၂ တတ်တယ်
တို့များငယ်သော်လည်း အလုပ်လုပ်တတ်တယ်။

လုပ်ငန်းစဉ်(၂) ။ ။ **မိသားစုအားကူညီပေးနိုင်သော အလုပ်များကိုပြောပြခြင်း (မိနစ်၂၀)**

- ကဗျာပါသည့် မိသားစုအား ကူညီသောအလုပ်များကို ပြောပါစေ။
- မိမိတို့မိသားစုကို ကူညီခဲ့ဖူးသောအလုပ်များကို အလှည့်ကျပြောပါစေ။
- ဆက်လက်၍ နောက်ထပ် ဘာတွေလုပ်ပေးလို့ရသေးသလဲ ဟုမေးပါ။ (မိသားစုဝင်များ နေမကောင်းချိန်တွင် ကူညီပေးနိုင်ခြင်း၊ မီးဖိုချောင်ကိစ္စ၊ အိမ်သန့်ရှင်းရေးကိစ္စများတွင် ကူညီပေးနိုင်ခြင်းများကို ကလေးများ ပြောနိုင်အောင် ဆရာက လှုံ့ဆော်အားပေးပါ။)

အသေးစိတ်သင်ယူမှုရလဒ်။ ။ မိသားစုထမင်းဝိုင်းတွင် ကူညီပေးနိုင်မည့်အလုပ်များကို လက်တွေ့လုပ်ဆောင်တတ်ရန်။

လုပ်ငန်းစဉ်(၃) ။ ။ **ထမင်းပွဲပြင်ဆင်ခြင်းကို ကိုယ်တိုင်ပါဝင်လုပ်ဆောင်ခြင်း (မိနစ်၃၀)**

- ကလေးများအား ထမင်း(သို့)အခြားစားစရာတစ်မျိုးမျိုးအား စုပေါင်းဝိုင်းဖွဲ့ စားသောက်ကြမည်။ အားလုံးပါဝင်တာဝန်ယူ လုပ်ဆောင်ကြရမည်ဖြစ်ကြောင်းပြောပြီး ကလေးများကို တာဝန်အသီးသီးခွဲဝေပေးပါ။ မိမိတို့တာဝန်များကို အကောင်း ဆုံးဆောင်ရွက်ကြရန်အားပေးပါ။ လိုက်နာရန် လိုအပ်သော အခြေခံအချက်များကို ရှင်းလင်းအောင်ပြောပါ။
- ထို့နောက်ကလေးများတွင်ပါလာသော ထမင်းချိုင့်၊ ထမင်းဘူးများ၊ သို့မဟုတ် မိဘများ၏ ပါဝင်မှုဖြင့် ဆရာကြိုတင်စီစဉ်ထားသော စားစရာပစ္စည်း အသုံးအဆောင်များကို အသုံးပြု၍ မိသားစု ထမင်းဝိုင်းကို ဝိုင်းဝန်းပြင်ဆင်စေခြင်း၊ အားလုံးအတူ စားခြင်း၊ ပြန်လည်သိမ်းဆည်းခြင်းများကို အစ-အဆုံး လက်တွေ့လုပ်ဆောင်ပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။စည်းချက်ကျကျ လက်ခုပ်တီး၍အများနှင့်စုပေါင်းသီဆိုတတ်ရန်။

လုပ်ငန်းစဉ်(၁) ။ ။ **တောထဲက မိသားစုကဗျာကိုလက်ခုပ်တီး၍သီဆိုခြင်း(မိနစ် ၃၀)**

- ရှေ့တွင်လုပ်ဆောင်ခဲ့သောလုပ်ငန်းအတိုင်းသီဆိုပါစေ။

မှတ်ချက်။ ။မိသားစုအားလုံးပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြလေ့ရှိသော မိသားစု လှုပ်ရှားမှုများ၊ ပွဲများအကြောင်းကို လူကြီးများအား မေးမြန်း၍မှတ်သားလာခဲ့ရန်၊ ဓာတ်ပုံများရှိလျှင်လည်း ယူလာခဲ့ရန် မှာကြားပါ။

## ဒုတိယပတ်

**တနင်္လာနေ့**

အသေးစိတ်သင်ယူမှုရလဒ်။ ။"က"ဗျည်းကိုအသံထွက်ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ် ။ ။ **"က"ဗျည်း(ကဗျာ)ရွတ်ဆိုခြင်း (မိနစ် ၃၀)**

- ယခင်ပြုလုပ်ခဲ့ပြီးသော နည်းလမ်းအတိုင်းဆောင်ရွက်ပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ပုံပြင်ကို မှတ်မိသမျှပြန်ပြောတတ်ရန်။

လုပ်ငန်းစဉ် ။ ။ **"ဆင်နှင့်မျောက်"ပုံပြင်ကို ကလေးမှတ်မိသမျှပြောစေခြင်း (မိနစ် ၃၀)**

- ယခင်ပြုလုပ်ခဲ့ပြီးသော နည်းလမ်းအတိုင်းဆောင်ရွက်ပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ သီချင်းကဗျာကို အမူအရာဖြင့် ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ် ။ ။ "ABCD"**သီချင်းကို စာလုံးအစဉ်လိုက်ပြ၍ သီဆိုခြင်း(၁၅ မိနစ်)**

- "A to G, H to P, Q to V, W to Z"စသည့် အင်္ဂလိပ်အက္ခရာစာလုံး အစဉ်လိုက်ရေးထားသော ကတ်ပြား(၄)ခုကို စီစဉ်ထားပါ။
- ဆရာက သီချင်းသံစဉ်ပါ အက္ခရာစာလုံးတွဲအလိုက် ၄င်းကတ်ပြား ၄ခုကို တစ်ချပ်စီ ထောင်ပြ၍ အသံပီသစွာရွတ်ဆိုပြပါ။ နှစ်ကြိမ် သုံးကြိမ် ဆရာက ဆိုပြပါ။
- အထက်ပါအတိုင်း ဆရာကဆိုပြ၍ ကလေးများကို လိုက်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ "A" အမည်ကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ် ။ ။ **"A" အက္ခရာကို ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- "ABCD" သီချင်းကဗျာကို ပြန်လည်ရွတ်ဆိုပါစေ။
- ဆရာက သင်ပုန်းပေါ်တွင်ရေးထားသော အင်္ဂလိပ်အက္ခရာ A ကို ထောက်ပြ၍ အက္ခရာအမည်ကို ဖြည်းဖြည်းနှင့် ပီသစွာ နှစ်ကြိမ်(သို့) သုံးကြိမ်ရွတ်ဆိုပြပါ။
- ဆရာက အင်္ဂလိပ်အက္ခရာကိုထောက်၍ ရွတ်ဆိုပြပြီး ကလေးများက လိုက်ပြီး ရွတ်ဆိုပါစေ။
- ကလေးများအား တစ်တန်းလုံး၊ အုပ်စုလိုက်၊ အတန်းလိုက်၊ တစ်ဦးချင်းရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။မိသားစုအားလပ်ရက်လှုပ်ရှားမှုတစ်ခုအကြောင်း ပြောပြတတ်ရန်။

လုပ်ငန်းစဉ် ။ ။ **မိသားစုလှုပ်ရှားမှုများကိုပြောခြင်း (မိနစ်၃၀)**

- မိသားစုလှုပ်ရှားမှုများကို ကလေးများ အလွယ်တကူပြောနိုင်စေရန် ဆရာက နမူနာပြောပြပါ။
- (ဥပမာ- ဆရာမတို့မိသားစုက အားလပ်ရက်တွေမှာ မုန့်လုပ်စားတတ်တယ်။ တစ်ခါတလေကျတော့ ဘုရားဖူးသွားတယ်၊ မွေးနေ့ပွဲလည်းလုပ်တယ်)
- မေးမြန်းမှတ်သားခဲ့သည့် မိမိတို့မိသားစုအားလုံးပါဝင်သော လှုပ်ရှားမှုများကိုအလှည့်ကျပြောရန်တိုက်တွန်းပါ။
- လူကြီး၊ မိဘများထံမှ မိသားစုပွဲများအကြောင်း မေးမြန်းလာသောကလေးများရှိပါက အတန်းရှေ့သို့ထွက်၍ မိမိတို့သိရှိလာသမျှကိုပြောပါစေ။ဓာတ်ပုံများပါလာပါကလည်း အတန်းသို့ ပြသ၍ ပြောပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ငယ်ရာမှ ကြီးရာသို့စီစဥ်တတ်ရန်။

လုပ်ငန်းစဉ် ။ ။ **ရောင်စုံစာရွက်ပိုင်းများကိုငယ်ရာမှ ကြီးရာသို့စီခြင်း (မိနစ်၃၀)**

- ကလေးအားလုံးအတွက် အရွယ်အစားမတူသော အဝိုင်းပုံရောင်စုံစက္ကူ (၃)ခုစီကို ဖြတ်ထားပါ။
- နမူနာ ရောင်စုံစက္ကူ(၃)ခုကို ဆရာကပြသ၍ မိသားစုများစားလေ့ရှိသော ပလာတာ၊ သို့မဟုတ် နံပြား (၃)ခုဖြစ်သည်ဟု ပြသ၍ ငယ်ရာမှကြီးရာသို့ စီမည်ဆိုပါက မည်သို့စီရမည်ကို ကလေးများအားမေးပါ။
- သင်ပုန်းတွင် နမူနာကပ်ပြပါ။
- ကလေးများအား စက္ကူအဝိုင်းပုံ(၃)ခုစီပေး၍ မိမိတို့ရရှိသောပလာတာ၊ သို့မဟုတ် နံပြား (၃)ခုကို သင်ပုန်းရှိ နမူနာအတိုင်း ကပ်ရန်ပြောပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ပတ်ဝန်းကျင်ရှိ အသံထွက်စေနိုင်သော ပစ္စည်းများကိုသုံး၍ **သီဆိုတီးမှုတ်တတ်ရန်။**

လုပ်ငန်းစဉ် ။ ။ **အလှူပွဲကဗျာကိုရွတ်ဆိုခြင်း (မိနစ်၃၀)**

- ဦးစွာအလှူပွဲကဗျာကို ဆရာနှင့်အတူ သီဆိုပါစေ။



DBE BOX

**"အလှူပွဲ"**

ရွှေဒိုးပတ်၊ ဗေတိုးပတ်

ဗေတိုးပတ်၊ ရွှေဒိုးပတ်။

ဗေတိုးပတ်၊ ဗိန်ဗောင်ထီ

ပတ်မကြီးကမြည်။

အိုးစည် အိုးစည် အိုးစည်သား

ဟေ လားမောင်တို့ဝါး။

ဝါးလက်ခုပ်မြှောက်လို့ချီ

ဖြောက်ဖြောက်အသံမြည်။

တီတီကိုရွှေနဲ့

လွှမ်းအောင်သူကချွဲ

မောင်တို့ အလှူပွဲ။

- ထို့နောက် ဆရာကြိုတင်စုဆောင်းထားသော၊ သို့မဟုတ် ကလေးများ ယူလာသော အသံထွက်စေနိုင်သည့် ပစ္စည်းများကို အသုံးပြု၍အလှူပွဲကဗျာကို ဆရာနှင့်အတူ စည်းချက်ကျကျ သီဆိုတီးမှုတ်ပါစေ။

**အင်္ဂါနေ့**

အသေးစိတ်သင်ယူမှုရလဒ်။ ။ စိတ်ကူးပုံဖော်ရေးခြစ်တတ်ရန်။

လုပ်ငန်းစဉ်။ **။ပုံပြင်မှကလေးများနှစ်သက်သည့်တိရစ္ဆာန်တစ်ကောင်ပုံရေးဆွဲခြင်း(မိနစ် ၃၀)**

- "ဆင်နှင့်မျောက်"ပုံပြင်မှ ကလေးများ နှစ်သက်သောတိရစ္ဆာန်(၁)ကောင်ကို ရေးဆွဲပါစေ။
- ဆွဲထားသော တိရစ္ဆာန်အမည်ကို ပြောပါစေ။
- စိတ်ကြိုက်ဆေးရောင်ခြယ်ပါစေ။

အသေးစိတ်သင်ယူမှုရလဒ် ။ ။လွယ်ကူသော မေးခွန်းများကို ဖြေတတ်ရန်။

လုပ်ငန်းစဉ် ။ ။ **သိသမျှပြောမယ် ကစားနည်း ကစားခြင်း(မိနစ် ၃၀)**

- ယခင်နေ့နှင့် မတူသောမေးခွန်းများဖြင့် သိသမျှပြောမယ် ကစားနည်းဖြင့် ကစားပါမည်။

အသေးစိတ်သင်ယူမှုရလဒ်။ ။ သီချင်းကဗျာကို အမူအရာဖြင့် ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ် ။ ။ "Hello" **ကဗျာရွတ်ဆိုခြင်း(၁၅ မိနစ်)**

- ယခင်နေ့က ကဗျာရွတ်ဆိုနည်းများအတိုင်း ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ "A"အမည်ကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ် ။ ။ "A"**အက္ခရာကို ရွတ်ဆိုခြင်း ( ၁၅ မိနစ်)**

- ယခင်နေ့ကအတိုင်း ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။မိသားစုတစ်ခုနှင့်တစ်ခု မတူညီသောလှုပ်ရှားမှုများရှိသည်ကို သတိပြုမိရန်။

**လုပ်ငန်းစဉ် ။ ။ ၁။မွေးနေ့သီချင်းကိုသီဆိုခြင်း (မိနစ်၃၀)**

- မွေးနေ့သီချင်းကို ဆရာနှင့်အတူ ရွတ်ဆိုပါစေ။



DBE Box

"မွေးနေ့"

ပျော်ရွှင်စရာမွေးနေ့ ....... သင့်အတွက်
သူငယ်ချင်းရဲ့.................မွေးနေ့
ပျော်ရွှင်စွာအားလုံး .........လက်ခုပ်တီး
အားလုံးသီချင်းဆို .......... သင့်အတွက်

- ယခုလအတွင်းမွေးနေ့ကျရောက်သော ကျောင်းသားအမည်များကို ဆရာကသင်ပုန်းတွင် ရေးထားပါ။
- သင်ပုန်းရှိအမည်များကိုဖတ်ပြ၍ သူငယ်ချင်းများအတွက် မွေးနေ့ပွဲသီချင်း သီဆိုပေးကြမည်ဖြစ်ကြောင်း ပြောပါ။
- မွေးနေ့ရှင်ကလေးများကို အတန်းရှေ့တွင် ရပ်စေပြီး ကျန်ကလေးများက မွေးနေ့သီချင်းကိုလက်ခုပ်တီး၍ သီဆိုပါစေ။

**၂။ မိသားစုချင်း မတူညီမှုများကိုပြောခြင်း (မိနစ် ၃၀)**

- မိမိတို့မိသားစုတွင် မွေးနေ့ပြုလုပ်လေ့ရှိသောကလေးများကို လက်ထောင်ပြပါစေ။ မွေးနေ့ပြုလုပ်လေ့မရှိသော ကလေးများကိုလည်း လက်ထောင်ပြပါစေ။
- ဆရာက စာသင်ခန်းအတွင်းရှိ သူငယ်ချင်းများ၏ မိသားစုများ တစ်ခုနှင့် တစ်ခု မတူညီနိုင်ကြောင်း၊အခြားမတူညီမှုများစွာလည်းရှိနိုင်ကြောင်းကို ဥပမာဖြင့်ရှင်းပြပါ။ ဆက်လက်၍ အားလုံးတွင် မွေးနေ့ရှိကြောင်းကို ပြောပါ။
- ထို့နောက် ကလေးအားလုံးကို ဝိုင်းပါစေ။"မွေးနေ့သီချင်း"ကို ကလေးအားလုံး အတူဆိုမည်ဖြစ်ကြောင်း၊ သီချင်းကို လမ်းလျှောက်ရင်း လက်ခုပ်တီးဆိုရမည်ဖြစ်ကြောင်း၊ 'သင့်အတွက်' ဆိုသော သီချင်းစာသား အရောက်တွင် လမ်းလျှောက်ခြင်းကို ရပ်၍ မျက်နှာချင်းဆိုင်ရှိ သူငယ်ချင်းကို လက်ညှိုးထိုးရမည်ဖြစ်ကြောင်း ရှင်းပြပါ။
- သီချင်းကို ၃/၄ ကြိမ် သီဆိုပါစေ။
- မည်သည့် မတူညီမှုများရှိသည်ဖြစ်စေ သူငယ်ချင်းအားလုံး ချစ်ချစ်ခင်ခင် နေကြရမည်ဖြစ်ကြောင်း မှာကြားပါ။

(မှတ်ချက်။ ။သာတူညီမျှဖြစ်စေရန် ကျန်ကလေးများကိုလည်း လစဉ်မွေးနေ့သီချင်းသီဆို၍ ဂုဏ်ပြုပေးပါ။)

အသေးစိတ်သင်ယူမှုရလဒ်။ ။အတွေ့အကြုံများကို ပုံဆွဲဖော်ပြတတ်ရန်။

လုပ်ငန်းစဉ် ။ ။ **မွေးနေ့လက်ဆောင် ရုပ်ပုံများဆွဲခြင်း (မိနစ်၃၀)**

- မိသားစုများ၏မွေးနေ့တွင် ပေးလိုသောလက်ဆောင်များကို ပြောပါစေ။
- မည်သူ့အတွက် မွေးနေ့လက်ဆောင်ပေးမည်ကို စဉ်းစား၍ မွေးနေ့လက်ဆောင်ကို ရုပ်ပုံဆွဲပါစေ။
- မည်သူ့အတွက် မည်သည့်အရာပေးရန် ဆွဲထားသည်ကို ပြောပါစေ။
- အိမ်ရှိ မိသားစုများကို ပြန်ပြောရန် တိုက်တွန်းပါ။



DEF BOX

ဗုဒ္ဓဟူးနေ့
အသေးစိတ်သင်ယူမှုရလဒ်။ ။ပုံပြင်ကို အမူအရာဖြင့်ပြန်ပြောတတ်ရန်။
လုပ်ငန်းစဉ် ။ ။ **"ဆင်နှင့်မျောက်"ပုံပြင်ကို မှတ်မိသ၍ ပြောစေခြင်း (မိနစ် ၃၀)**

- ဆရာက ကလေးများအား ပစောက်ပုံဝိုင်း၍ ထိုင်ပါစေ။
- ဆရာက ကလေးများ၏ထိပ်တွင် ကလေးများ မျက်လုံးနှင့် တစ်တန်းတည်းဖြစ်အောင် ထိုင်ပါ။
- ဆရာက ပုံပြင်ကိုအမူအရာဖြင့် နောက်တစ်ကြိမ်ထပ်ပြောပါ။
- ပုံပြင်ကို ပြောချင်တဲ့သူရှိသလား။
- ဘယ်သူပြောချင်သလဲမေးပါ။
- ပြောချင်သော ကလေးရှိက မှတ်မိသမျှပြောပါစေ။
- ကလေးပုံပြင်ပြောနေစဉ် လိုအပ်သောနေရာတွင် ဆရာကကူညီပါ။
- နောက်ထပ်ပြောချင်သော ကလေးရှိက ပြောပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ မိမိစိတ်ကူးကိုပုံဖော်ရေးခြစ်တတ်ရန်။
လုပ်ငန်းစဉ် ။ ။ **ပုံပြင်ပါနှစ်သက်ရာပုံကိုရေးဆွဲခြင်း (မိနစ် ၃၀)**

- ယခင်ပြုလုပ်ခဲ့ပြီးသော နည်းလမ်းအတိုင်းဆောင်ရွက်ပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ "B"အမည်ကို ပြောပြတတ်ရန်။
လုပ်ငန်းစဉ် ။ ။ "B"**အက္ခရာကို ရွတ်ဆိုခြင်း ( ၁၅ မိနစ်)**

- "A"အက္ခရာကို ရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ "Good Morning"ကဗျာကို မှန်ကန်စွာ ရွတ်ဆိုတတ်ရန်။
လုပ်ငန်းစဉ် ။ ။ "Good Morning"**ကဗျာကို ရွတ်ဆိုခြင်း ( ၁၅ မိနစ်)**

- ယခင်သင်ပြီးသည့် ကဗျာရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။မိသားစုဝင်များ၏ဆိုဆုံးမမှုများကို ပြောပြတတ်ရန်။
လုပ်ငန်းစဉ် ။ ။**(၁)ဖိုးကြက်တောကဗျာ ရွတ်ဆိုခြင်း (၅ မိနစ်)**

- "ဖိုးကြက်တော"ကဗျာကိုရွတ်ဆိုပါစေ။

"ဖိုးကြက်တော"

ရွှေခဲကလေး ဖိုးကြက်တော
မှန်တာရဲရဲပြော
လိမ်မပြောနဲ့ မောင်လေးရယ်
ရွှေခဲ လျှောင်လိမ့်မယ်
လိမ်တယ်ဆိုတာ သတ္တိနည်း
လူညံ့ လူကြောက်ပဲ။ ။

- ကဗျာပါလူကြီးများ၏ဆိုဆုံးမမှုများကို ပြောပါစေ။
(ဥပမာ-မှန်တာရဲရဲပြော၊ လိမ်မပြောနဲ့. . . )



DBE Box

(၂) မိမိတို့ မိသားစုဝင်များ၏ဆိုဆုံးမမှုများကိုဖော်ထုတ်ခြင်း (၂၅ မိနစ်)

- မိသားစုဝင်များက မိမိတို့အားလုပ်ရမည်၊ မလုပ်ရဟုပြောဆိုထားသော ဆုံးမမှုများကို ပြောပါစေ။
- လူကြီးများ၏ ဆိုဆုံးမမှုများကို မလိုက်နာပါက မည်သို့ဖြစ်နိုင်သည်ကို ကလေးများ ကြောင်းကျိုးဆက်စပ်ပြောနိုင်စေရန် ဆရာကလှုံ့ဆော်ပေးခြင်းဖြင့် ပြောပါစေ။
- လူကြီးများက မိမိတို့အားချစ်၍ ဆိုဆုံးမခြင်းဖြစ်သောကြောင့် လူကြီးများ၏စကားကို နားထောင်ရမည်ဖြစ်ကြောင်း ဆရာက ပြောပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။အရွယ်အစားအမျိုးမျိုးကို အကြီးအသေးနှိုင်းယှဉ်ခွဲခြားတတ်ရန်။

လုပ်ငန်းစဉ် ။ ။ **အဝိုင်းပုံမုန့် အမျိုးမျိုးကို ပုံဆွဲခြင်း (မိနစ် ၃၀)**

- မိသားစုများ အိမ်တွင်စားလေ့ရှိသော၊ သို့မဟုတ် မြင်ဖူးသောမုန့်အဝိုင်းများ၊ သို့မဟုတ် အဝိုင်းပုံရှိသော အရာဝတ္ထုပစ္စည်းပုံများကို ၄/၅ ပုံခန့်ဆွဲပါစေ။(ဥပမာ-ပလာတာ၊ နံပြား၊ တိုရှည်၊ ဆီးသီး၊ ပန်းသီး၊ မုန့်လက်ကောက်၊ ဘိန်းမုန့်. . .)
- ထို့နောက် မိမိဘေးရှိသူငယ်ချင်းကိုပြ၍ မည်သည့်အရာဖြစ်သည်ကိုအလှည့်ကျပြောပါစေ။ မိမိပုံကိုသူငယ်ချင်းဆွဲထားသော ပုံနှင့် နှိုင်းယှဉ်၍ အကြီးအသေးခွဲခြားပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။မိသားစုအသုံးအဆောင်ပစ္စည်းများကို ပုံဆွဲဖော်ပြတတ်ရန်။

လုပ်ငန်းစဉ် ။ ။ **စိတ်ကြိုက်ပုံဆွဲခြင်း (မိနစ်၃၀)**

- အိမ်ရှိ မိသားစု အသုံးအဆောင်ပစ္စည်းများကို ပုံဆွဲအရောင်ခြယ်ပါစေ။
- ရုပ်ပုံများကပ်ရန်နေရာတွင် ကပ်ပါစေ။

**ကြာသပတေးနေ့**

အသေးစိတ်သင်ယူမှုရလဒ်။ ။ **အသံများကိုနားထောင်၍တုန့်ပြန်တတ်ရန်။**

လုပ်ငန်းစဉ် ။ ။ **ပုံပြင်ပါ တိရစ္ဆာန်များ၏ အော်သံပြောစေခြင်း (မိနစ် ၃၀)**

- ပုံပြင်တွင်ပါဝင်သော တိရစ္ဆာန်များ၏ အမည်ကိုပြောပါစေ။
- ပုံပြင်တွင်ပါဝင်သော တိရစ္ဆာန်များ၏ အော်သံကိုပြောပါစေ။
- တစ်ဦးချင်းပုံပြင်ပါ တိရစ္ဆာန်များ၏အော်သံကို ပြောချင်သူရှိပါကပြောပါစေ။
- ပုံပြင်ပါတိရစ္ဆာန်တစ်ကောင်၏ အော်သံကိုပြောပြီးပါက မည်သည့်တိရစ္ဆာန်ဖြစ်ကြောင်း ပြောပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။စိတ်ကူးကိုပုံဖော်၍ရေးခြစ်တတ်ရန်။

လုပ်ငန်းစဉ် ။ ။ **နှစ်သက်ရာတိရစ္ဆာန်ပုံများကိုလွတ်လပ်စွာရေးဆွဲခြင်း (မိနစ် ၃၀)**

- ကလေးများ နှစ်သက်သောတိရစ္ဆာန်ပုံကိုစိတ်ကြိုက်ရေးဆွဲပါစေ။
- ဆွဲထားသော တိရစ္ဆာန်အမည်ကိုပြောပါစေ။

DBE BOX

အသေးစိတ်သင်ယူမှုရလဒ်။ ။ ကဗျာပါ စကားလုံးများကို အသုံးပြု၍ ပြောတတ်ရန်။

လုပ်ငန်းစဉ် ။ ။ "Hello" **ကဗျာပါစကားလုံးများသုံး၍ နှစ်ဦးတွဲပြီး နှုတ်ဆက်ပြောဆိုခြင်း (မိနစ် ၃၀)**

- ယခင်သင်ပြီးသည့်အတိုင်း ပြောဆိုပါစေ။

**အသေးစိတ်သင်ယူမှုရလဒ်။** ။မိမိ မိသားစုနှင့် မတူညီသောအခြားမိသားစုများ၏ ဓလေ့ထုံးစံများကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။ **(၁) ဖိုးကြက်တောကဗျာကို ရွတ်ဆိုခြင်း (၅ မိနစ်)**

- ဖိုးကြက်တောကဗျာကို အတိုင်အဖောက်ညီညီဖြင့် အပြန်အလှန် ရွတ်ဆိုပါစေ။

**(၂)မိသားစုဝင်များ၏ နေ့စဉ်လုပ်ဆောင်မှုများကိုပြောစေခြင်း (၂၅မိနစ်)**

- ဖိုးကဲတို့မိသားစု ပုံပြင်ကို ပြန်ပြောပါ။
- ပုံပြင်ပါ မိသားစုများနေ့စဉ်လုပ်ဆောင်ရသော အလုပ်များကို ပြောပါစေ။
- မိမိတို့ မိသားစုဝင်တစ်ဦးချင်း၏ နေ့စဉ်လုပ်ဆောင်မှုများကို စဉ်းစား၍ အမူအရာဖြင့် သရုပ်ဆောင်ပြပါစေ။
- မိသားစုဝင်များ နေ့စဉ်မဖြစ်မနေလုပ်ဆောင်လေ့ရှိသော ယဉ်ကျေးမှု၊ဘာသာရေးဆိုင်ရာ၊ အပြုအမူများပါဝင်စေရန် ဆရာက အားပေးပါ။ မတူညီမှုများကို ပြောပြပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ မိသားစုထမင်းဝိုင်းတွင် ကူညီပေးနိုင်မည့်အလုပ်များကို လက်တွေ့ ဆောင်ရွက်တတ်ရန်။

လုပ်ငန်းစဉ် ။ ။**ထမင်းပွဲပြင်ဆင်ခြင်းကို ကိုယ်တိုင်ပါဝင်လုပ်ဆောင်ခြင်း (မိနစ်၃၀)**

- ပထမပတ် သောကြာနေ့၏ (ထမင်းပွဲပြင်ဆင်ခြင်းကို ကိုယ်တိုင်ပါဝင်ခြင်း)လုပ်ငန်းကို ထပ်မံဆောင်ရွက်ပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ရုပ်ပုံများကိုဖြတ်ညှပ်၍ ပုံဖော်ကပ်တတ်ရန်။

လုပ်ငန်းစဉ် ။ ။ (၁)ရုပ်ပုံများဖြတ်ညှပ်ကပ်ခြင်း (မိနစ်၃၀)

- ဆရာကြိုတင်စုဆောင်းထားသော မိသားစုတစ်ဦးချင်း လုပ်ဆောင်မှု၊ သို့မဟုတ် မိသားစု လိုက်လုပ်ဆောင်မှုများပါဝင်သော စာစောင်များကို အုပ်စုလိုက်ဝေပေးပါ။
- စာရွက်ပေါ်တွင် ကပ်ရန်အနေအထားအတွက် ညှပ်ပါစေ။
- တစ်ဦးလျှင် ရောင်စုံA4ကတ်ပြားတစ်ခုစီပေး၍ ညှပ်ထားသော ရုပ်ပုံများကို စိတ်ကြိုက် ပုံဖော်ကပ်ပါစေ။

**သောကြာနေ့**

အသေးစိတ်သင်ယူမှုရလဒ်။ ။အာရုံ(၅)ပါးကို အသုံးပြု၍ မိမိစိတ်ကူးကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ် ။ ။ **ဘာတွေလဲ ကစားနည်း ကစားခြင်း(မိနစ် ၂၀)**

- ယခင် ကစားခဲ့ပြီးသော ကစားနည်းအတိုင်း ဆောင်ရွက်ပါ။

DBE Box

အသေးစိတ်သင်ယူမှုရလဒ်။ ။ကဗျာများကို အမူအရာဖြင့်မှန်ကန်သွက်လက်စွာရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ် ။ ။ **"က"ဗျည်းကဗျာနှင့်ကျောင်းခန်းဝင်ကဗျာရွတ်ဆိုခြင်း (မိနစ် ၂၀)**

- ယခင်သင်ကြားခဲ့ပြီးသော ဗျည်းကဗျာရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။

**အသေးစိတ်သင်ယူမှုရလဒ် ။ ။လွယ်ကူသော မေးခွန်းများကို ဖြေတတ်ရန်။**

လုပ်ငန်းစဉ် ။ ။ **သိသမျှပြောမယ် ကစားနည်း ကစားခြင်း(မိနစ် ၂၀)**

- ယခင်နေ့နှင့်မတူသောမေးခွန်းများကိုသုံး၍သိသမျှပြောမယ်ကစားနည်းဖြင့်ကစားပါမည်။

အသေးစိတ်သင်ယူမှုရလဒ်။ ။ ကဗျာပါ စကားလုံးများကို အသုံးပြု၍ ပြောတတ်ရန်။

လုပ်ငန်းစဉ်။ ။ "Good Morning"**ကဗျာပါစကားလုံးများသုံး၍ နှစ်ဦးတွဲပြီး နှုတ်ဆက်ပြောဆိုခြင်း (၁၅ မိနစ်)**

- ယခင်သင်ပြီးသည့်အတိုင်း ပြောဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"A,B"အမည်ကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။ "A,B"**အက္ခရာကို ရွတ်ဆိုခြင်း ( ၁၅ မိနစ်)**

- အက္ခရာရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။မိသားစုဝင်အချင်းချင်းချစ်ခင်စေမည့် အပြုအမူများကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။ **(၁) ခံစားမှုမျက်နှာရုပ်ပုံများကိုခွဲခြားခြင်း(၅ မိနစ်)**

- ဆရာကသင်ပုန်းတွင် အဝိုင်းပုံအခြေခံသော ပြုံးနေသည့် မျက်နှာပုံဆွဲပါ။ ဘာဖြစ်နေတဲ့ပုံလဲဟုမေးပါ။
- ဆက်လက်၍ ပြုံးမဲ့နေပုံ၊ကြောက်နေပုံစသည်ဖြင့်တစ်ခုစီဆွဲ၍ရှေးနည်းတူမေးပါ။
- အကြိုက်ဆုံးပုံကို ပြောပါစေ။

**(၂) မျက်နှာပုံဆွဲ၍ မိမိတို့အတွေ့အကြုံခံစားချက်ကိုပြောခြင်း (၁၅ မိနစ်)**

- သင်ပုန်းရှိပုံများအနက် မိမိဖြစ်ခဲ့ဖူးသော မျက်နှာပုံကို ကူးဆွဲရန်ပြောပါ။
- ထို့နောက်အဘယ်ကြောင့် ထိုမျက်နှာမျိုးဖြစ်ခဲ့ရသည်ကို ပြောတတ်သလိုပြောပါစေ။ (အဓိကမှာ- စိတ်ဆိုးခြင်း၊ စိတ်တိုခြင်း၊ ဒေါသဖြစ်ခြင်း၊ ငိုခြင်း၊ ရယ်ခြင်းများ ကြုံခဲ့ဖူးသည်ကို ဖော်ထုတ်စေလိုခြင်းဖြစ်သည်။)

**(၃) မိသားစုဝင်ချင်း ရှိရမည့်အပြုအမူများကိုဖော်ထုတ်ခြင်း (၁၀ မိနစ်)**

- ဆရာက သင်ပုန်းရှိ ရုပ်ပုံများကို ထောက်ပြ၍ မိသားစုဝင်များအားလုံးတွင် မည့်သည့်မျက်နှာအမူအရာမျိုးရှိစေချင်သည်ကိုပြောပါစေ။
- မိမိတို့တွင် မည်သည့်မျက်နှာပုံစံမျိုးရှိသည်ကိုပြောပါစေ။
- (ပြုံးနေသောမျက်နှာပုံစံရှိသည်ဟု ပြောကြားသော ကလေးများအား ချီးမွမ်းအားပေးပါ။)
- အတန်း၏နေရာတစ်ခုတွင်ပြုံးနေပုံနှင့်မဲ့နေပုံတို့ကို ဆွဲထားသောစာရွက်(၂)ခုကိုကပ်ပါ။
- ဆရာပြောသောအပြုအမူများကိုနားထောင်စေပြီး ထိုအပြုအမူကို ကြိုက်ပါက ချစ်တယ်ဟုအော်၍ ပြုံးနေသောမျက်နှာ ရုပ်ပုံနေရာတွင်ပြေး၍ရပ်ပါစေ။ မကြိုက်ပါက မချစ်ဘူးဟုအော်၍မဲ့နေသောရုပ်ပုံနေရာတွင် ပြေး၍ရပ်ပါစေ။

DBE Box

- မိသားစုဝင်အားလုံးပြုံးနေသော မျက်နှာများဖြစ်နေစေရန်အတွက် အားလုံးတွင် ချစ်တယ်ဟူသော အပြုအမူများ ဖြစ်အောင် နေရန်လိုကြောင်း ဆရာက ပြောပါ။

(မှတ်ချက်။ ။ဆရာအနေဖြင့်ပြုံးစေသော၊ မဲ့စေသောအပြုအမူများကို ကြိုတင်စဉ်းစားထားရန်လိုပါသည်။

ဥပမာ -အတူတူကစားရင် . . . . .

မုန့်အတူစားရင် . . . . .

ပုံပြောပြရင် . . . . . . . .

အော်ပြီးပြောရင် . . . .

ရိုက်ရင် . . . . . . . . .

ပြုံးပြုံးလေးပြောရင် . . . . စသည်ဖြင့် )

အသေးစိတ်သင်ယူမှုရလဒ်။ ။အရောင်များကိုတူရာ၊ မတူရာနှိုင်းယှဉ်ခွဲခြားတတ်ရန်။

လုပ်ငန်းစဉ်။ ။ **(၁) မျက်နှာပုံများဆွဲခြင်း၊ ကစားခြင်း (မိနစ်၃၀)**

- ပြုံး၊ မဲ့၊ ငို၊ မျက်နှာပုံများကို စာရွက်ပိုင်းတစ်ခုစီတွင်ကူးရေးပါစေ။
- ကလေးများအားကြိုက်ရာ အရောင်တစ်မျိုးကိုသာသုံး၍အရောင်ခြယ်ပါစေ။
- အရောင်ခြယ်ပြီး ရုပ်ပုံများအရ အရောင်တူရာစုစေသော ကစားနည်းကို ကစားပါစေ။ (ဥပမာ- ဆရာက တူရာအရောင်များအရင်စုစေခြင်း၊ အရောင်တူနှစ်ဦး စီသာတွဲစေခြင်း၊ အရောင် တစ်မျိုးစီတွဲစေခြင်း . . . . . စသည်ဖြင့်)

အသေးစိတ်သင်ယူမှုရလဒ်။ ။စည်းချက်ကျကျ လက်ခုပ်တီး၍ အများနှင့်စုပေါင်းသီဆိုတတ်ရန်။

လုပ်ငန်းစဉ် ။ ။ **သီချင်းကဗျာများကို စည်းချက်နှင့်အညီ သီဆိုလှုပ်ရှားခြင်း။(မိနစ်၃၀)**

- ရှေ့တွင်(ယခင်ရက်များက) သီဆိုခဲ့ပြီးသော သီချင်းကဗျာများကို စည်းချက်ကျစွာ လက်ခုပ်တီး၍ သီဆိုလှုပ်ရှားပါစေ။

(မှတ်ချက်။ ။ကလေးများ နှစ်ပတ်အတွင်း ပြုလုပ်ခဲ့သော တစ်ဦးချင်းလုပ်ငန်း ရလဒ်များကိုစုစည်း၍ တို့မိသားစုစာအုပ်အဖြစ် မိသားစုများ အကူအညီဖြင့် ပြုလုပ်ပါ။ စာအုပ်တွင် ဓာတ်ပုံများရှိက ကပ်ရန်ညွှန်ကြားပါ။

ဥပမာ- မိသားစုရုပ်ပုံစာရွက်၊ ဘဲမိသားစုစာရွက်၊ မိသားစုအတွက် ဝယ်ပေးလိုသောအရာ၊ မိသားစုအလှူ၊ လှုပ်ရှားမှုရုပ်ပုံ၊ ဖြတ်ညှပ်ကပ်စာရွက်၊ မိသားစုသုံးပစ္စည်း စာရွက်၊ ပြုံး၊ ငို၊ မဲ့ မျက်နှာပုံများ . . . . . စသည်ဖြင့်)

DBE BOX